# သက်စမ်းရေ



# အနာဂတ်ကို သိပါ။

ကျမ်းစာနှင့် ဘုရားသခင်၏ ပယောဖက်များ၏ စကားများသည် ကမ္ဘာပေါ်တွင် ရှိ၏။ အမှန်တကယ်စစ်မှန်သည့်တစ်ခုတည်းသော သတင်းစာ သို့မဟုတ် သတင်းစာအုပ်များပင် ဖြစ်ပါသည်။ အခြားသော သတင်းစာများအားလုံးတို့သည်ယမန်နေ့ကဖြစ်ပျက်ခဲ့သည့် အရာများကိုသာ ဖော်ပြသည့်အတွက် ၎င်းတို့သည် အမှန်တကယ် သတင်းစာမဟုတ်ဘဲ-သမိုင်းစာများသာဖြစ်ပါသည် ကျမ်းစာသည် ကျွန်ုပ်တို့အား မနက်ဖြန်တွင် ဘာတွေဖြစ်မလဲဆိုဒါကို ပြောပြပါတယ်။ ၎င်းတွင်ထောင်ပေါင်းများစွာသော ပယောဖက်ပြုချက် တိတိကျကျများနှင့် ပြည့်နေပြီး ၎င်းတို့လူရယ်လို့မဖြစ်မီ နှစ်ပေါင်းထောင်ပေါင်းများစွာမှ လူများ၊ နေရာဒေသများ၊ အချိန်များ၊ အခြေအနေများနှင့် အဖြစ်အပျက်များ အားအသေးစိတ်တိကျစွာဖော်ပြထား ပါသည်။ (ယေရှယ ၃၄း၁၆၊ ၄၂း၉၊ ၂ပေ ၁း၁၉ -၂၁ တွင်ကြည့်ပါ။)

ဤပယောဖက်ပြုချက်အများစုမှာ ကမ္ဘာ့သမိုင်း၏ နောက်ဆုံးသော ကာလများအကြောင်းဖြစ်ပြီး၊ သခင်ယေရှုပြန်လည် ကြွလာပြီး -ယနေ့မတရားမှုများကို အဆုံးသတ်လိုက်ကာ ၎င်း၏ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေး နိုင်ငံတော်ကြီးအား ကမ္ဘာပေါ်တွင် ထူထောင်မယ့်အကြောင်းများပင်ဖြစ်ပါသည်။ ဤကမ္ဘာပေါ်တွင်ရှိလူသားနိုင်ငံများ၏ နောက်ဆုံးနေ့များအားကျမ်းစာထဲတွင် ။ “နောင်ကာလ”၊ “အဆုံးစွန်သောကာလ”၊ “အမှုကုန်ရသည့်ကာလ” နှင့်အစရှိသည်များဟု ဖော်ပြပြီး ၎င်းမှာ ယနေ့ ကျွန်ုပ်တို့နေထိုင်သည့် ကာလအချိန်ပင်ဖြစ်ပါသည်။ (ဒံယေလ ၂း၂၈၊ ၈း၂၃၊ ၁၂း၄ တို့တွင်ကြည့်ပါ။)

## အချိန်ကာလ၏လက္ခဏာများ

သခင်ယေရှုရဲ့ တပည့်တော်တွေဟာ အနာဂတ်ကို သိရှိလိုတဲ့အတွက် သူ့ကို “ကိုယ်တော်သည် ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်သည်ကို ၎င်းအမိန့်ရှိပါ။” ဟုလျှောက်လေ၏။ သူဟာ ၎င်းတို့အား နိမိတ်လက္ခဏာတစ်ခုတည်းကို သာမက အမြောက်အများကို ပြောပြခဲ့ပါသည်။ တကယ်တမ်းကျတော့ ကျမ်းစာက ကျွန်ုပ်တို့ကို ဒီနောက်ဆုံးကာလဟာ ဘယ်လောက်နီးနေပြီလဲ ဆိုဒါကို တိတိကျကျသိရှိနိုင်ရန် သတိပေးချက် လက္ခဏာများဖြစ်တဲ့ “အချိန်ကာလ လက္ခဏာများ” အကြောင်းဖော်ပြပါတယ်။

(မသဲ ၂၄ တွင်ကြည့်ပါ)

ဤလက္ခဏာများပါဝင်ပါသည်။ တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းသော "အစာခေါင်းပါးခြင်း၊ ရောဂါဘယများပြားခြင်းနှင့် မြေငလျှင်လှုပ်ခြင်းများသည် နေရာအနှံ့တွင် ဖြစ်ပေါ်ပေမည်။ (မသဲ ၂၄း၇)။ လူမျိုးအပေါင်းတို့ဟာ သက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ် ရှိသမျှတို့၌ ဟောရလိမ့်မည် (မသဲ ၂၄း၁၄)။ နိုင်တကာ ကူးသန်းသွားလာမှုဟာလည်းတိုးတက်လာ သည့်အတွက် လူတို့သည် ထာဝရဘုရား ၏အမိန့်တော်ကို ရှာလတ့်၊ ပင်လယ်တစ်ပါးမှသည် ပင်လယ်တစ်ပါးတိုင်အောင် လှည့်လည်၍ တောင်မြောက်ပြေးသွားပေမည်။ (ဒံယေလ ၁၂း၄၊ အာမုတ် ၈း၁၁- ၁၂) ဘုရားသခင်ထံမှ သင်းခွဲခြင်း (၂သက် ၂း၃) ကြောင့် ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား သူတစ်ပါးကို လည်းကောင်း ကိုယ့်ကိုယ်ကို လည်းကောင်း လှည့်ဖြား၍ ဆိုးညစ်ခြင်း၌တရွေ့ရွေ့တိုးပွားကြလိမ့်မည်။ (၂ တိ ၃း၁၃)။ မတရားသောအမှုတို့သည် များပြားသဖြင့် အများသော သူတို့သည် ချစ်ခြင်းမေတ္တာ၌ ခေါင်းပါးလိမ့်မည်။ (မသဲ ၂၄း၁၂) ထို့ကြောင့် ရလဒ်အနေနှင့် "မြေကြီးပေါ်မှာနေသည့် လူအမျိုးမျိုး မငြိမ်မသက် စိုးရိမ်ကြောင့်ကြခြင်း ရှိကြပေလိမ့်မည် ။(လုကာ ၂၁း၂၅း၂၆) ဤလက္ခဏာများသည် ယခင်ကထက် ယနေ့ကာလတွင် ပိုမို၍ပြည့်စုံလာပေသည်။

## ကမ္ဘာ့တစ်ခုတည်း၏အစိုးရ

ပယောဖက်များစွာတို့မှ ကြိုတင်ဟောပြောခဲ့သည့် အရာများစွာတို့အနက် အရေးကြီးဆုံးနှင့် နောက်ဆုံးသောကာလ၏ လက္ခဏာတစ်ခုမှာ သားရဲ သို့မဟုတ် အန္တိခရစ်ဟု သိမှတ်ရသည့် အာဏာရှင်စာတန်ဦးဆောင်သည့် ဘုရားသခင်ကို ဆန့်ကျင်သည့် ကမ္ဘာ့အစိုးရသည် ပေါ်ထွက်လာပြီး ၄င်းအားစာတန်ကိုယ်တိုင် အုပ်စိုးပြီးထိန်းချုပ်ပေမည်။ ဤပုဂ္ဂိုလ်သည် ခုနှစ်နှစ်သဘောတူညီချက် ပဋိညဉ်ဖြင့် တန်ခိုးရယူပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဘာသာရေး လွတ်လပ်မှုကိုပေးမည်ဟု ကတိပေးလိမ့်မည်။ ထို့ပြင် ၄င်းသည် ကမ္ဘာကြီးအား လက်ရှိဆိုးဝါးနေသည့် စီးပွားရေးအခြေအနေများမှလည်း ကယ်တင်ရာတွင် တန်ဆာပလာဖြစ်လာမည် ဖြစ်သော်လည်း အများစုမှ ကြိုတင်ဟောပြောခဲ့သည့်အတိုင်း ကမ္ဘာနှင့်အဝန်း စီးပွားရေး ပျက်စီးသွားပေမည်။

တကမ္ဘာလုံးလိုပင် အန္တိခရစ်အား နိုင်ငံရေးကယ်တင်ရှင် အဖြစ်၊ ငြိမ်းချမ်းရေး၊ ကမ္ဘာ့စီးပွားရေးကို ပြန်လည်အဖတ်ဆယ်သူအရှေ့အလယ်ပိုင်းပြဿနာများကို ဖြေရှင်းပေးသူ အစရှိသဖြင့် ၄င်းအား ခေတ္တအားဖြင့် ချီးမြှောက်ကြမည် ဖြစ်ပါသည်။ သို့ရာတွင် မြန်းကနဲပင် ၄င်းခုနှစ်နှစ်ပဋိညဉ်၏ သုံးနှစ်ခွဲ အချိန်ရောက်သောအခါတွင် သူဟာ၄င်းကို အသိအမှတ်မပြုတော့ဘဲ မူလဘာသာရေးကိုးကွယ်မှုများကို တားမြစ်ဖျက်သိမ်းလိုက်ပြီး မိမိကိုယ်ကို ဘုရားအဖြစ် ကြေညာကာ တကမ္ဘာလုံးအား ၄င်းကို ကိုးကွယ်ရမည်ဟု အမိန့်ထုတ်ပြန်ပေမည်။ (ဒံယေလ ၉း၂၇၊ ၈း၉-၁၂၊ ၁၁း၂၁-၂၄၊ ၂၈-၃၁,၃၆၊ ၂ သက်သာ ၂း၃၊၄၊၈၊၉ ဗျာဒိတ် ၁၃း၂-၇ တို့တွင် ကြည့်ပါ။)

ထိုအချိန်တွင် ကျမ်းစာမှ ဖော်ပြချက်အရ သူဟာထူးဆန်းတဲ့ ရုပ်တု၊ သူ့ရဲ့ကိုယ်ပွားကို ယေရှုရှလင်မြို့တွင် ရှိသည့် ယုဒလူမျိုးများ ပြန်လည် တည်ဆောက်ထားသည့် ဗိမာန်တော်တွင် ထားရှိပေမည်။ ၄င်းရုပ်တုအား "ဖျက်ဆီးတတ်၏။ ရွံ့ရှာဖွယ်ကောင်းသောအရာ" ဟုခေါ်ဝေါ်ထားပါသည်။ ၄င်းသည်အဆင့်မြင့် ကွန်ပျူတာစက်ရုပ် သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှု၏ ဆက်သွယ်ရေးစံနစ်နှင့် တူပြီး ၄င်းသည် စကားပြောကာ ၄င်းအားကိုးကွယ်ရန် ငြင်းဆန်သောသူများအား အဆုံးစီရင်ပေမည်။ သခင်ယေရှုကိုယ်တော်တိုင် ဘယ်လိုပြောထားသလဲဆိုရင်- ဒီရုပ်တုဖြစ်တဲ့ "ဖျက်ဆီးတတ်သော ရွံ့ရှာဖွယ်သောအရာ" အား ဗိမာန်တော်ထဲတွင် ရပ်နေသည် ကို မြင်ရသောအခါတွင် "ဘေးဒဏ်ကြီးကာလ" ဟာ စတင်ပေတော့မည်။ အန္တိခရစ်အုပ်စိုးမှုကို လက်ခံရန် ငြင်းဆန်သောသူများနှင့် ကိုးကွယ်ရန် ငြင်းဆန်သောသူများအား ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်း ကြလိမ့်မည်။ (ဒံယေလ ၁၁း၃၁၊ ၁၂း၁၁၊ မသဲ ၂၄း၁၅-၂၁ ဗျာဒိတ် ၁၃း၁၄,၁၅ တို့တွင်ကြည့်ပါ။)

## သားရဲ၏တံဆိပ်လက်မှတ် – ၆၆၆

ဘေးဒဏ်ကြီးကာလအတွင်း အန္တိခရစ်အုပ်စိုးသည့် ဒုတိယနှစ်ဝက်တွင် ၄င်းအစိုးရသည် ကနေ့သုံးစွဲနေသော ငွေကြေးစံနစ်အစား စကြဝဠာသုံးမီးရှင်စံနစ် (Credit System) ကိုလက်ခံကျင့်သုံးစေမည်။ သူသည် လူတိုင်းအား မီးရှင်နံပါတ် ရရှိဖို့ရန်လိုလားပြီး - ၄င်းမှာ ကျမ်းစာအရ "သားရဲ၏တံဆိပ်လက်မှတ်" ပင်ဖြစ်သည်။ ဤအမှတ်တံဆိပ်သည် အလွန်သေးငယ်သော အရာလေးတစ်ခုဖြစ်ပြီး၊ ၄င်းထဲတွင် လူတိုင်း၏ကိုယ်ရေးရာဇဝင်များ၊ ဆေးနှင့်ငွေကြေးနှင့် ပတ်သက်သည့် မှတ်တမ်းများ အစရှိသည်တို့ ပါဝင်ပြီး- ၄င်းအား လကျာ်လက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ တံဆိပ်ခတ်နှိပ်မည် ဖြစ်ပါသည်။ (ဗျာဒိတ် ၁၃း၁၆-၁၈ တွင်ကြည့်ပါ) ဤသေးငယ်သော မီးရှင်စံနစ်သည် ပေါ်ပေါက်နေပြီးဖြစ်ရာ၊ ၄င်းအားအမေရိကားနှင့် ဥရောပမြို့ကြီးအချို့တွင် စမ်းသပ်နေပြီ ဖြစ်ကြောင်းသိရှိရပါသည်။

အန္တိခရစ်အစိုးရသည် ဤအသစ်သော မီးရှင်စံနစ်ကို အသုံးပြုပြီး လူတိုင်းအား အန္တိခရစ်ကို ပျပ်ဝပ်ကိုးကွယ်စေရန် အတင်းအကြပ် ပြုလုပ်မည် သို့မဟုတ် အငတ်ဘေးကို ရင်ဆိုင်စေမည်။ အဘယ်ကြောင့်ဆိုသော် ၄င်းမပါဘဲနှင့် မည်သူမျှ ရောင်းဝယ်၍ မရခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် ဘုရားသခင်၏ နောက်လိုက်များမှာမူ ၄င်းအားကိုးကွယ်ရန်ကိုလည်းကောင်း၊ အမှတ်တံဆိပ်ကို

လက်ခံရန်သော်လည်းကောင်း ငြင်းပယ်မည်။ ကျမ်းစာထဲမှာ ကတိပေးထားပါတယ် ဘုရားသခင်ဟာ သူတို့ကို ကြည့်ရှုစောင်မမည်၊ သူ့ရဲ့တန်ခိုးတော်အားဖြင့် ၎င်းတို့အားကျွေးမွေးရန် ကောင်းကင်မှ မုန့်များ ကျလာစေမည်။ (ဗျာဒိတ် ၁၂း၆,၁၄ တွင်ကြည့်ပါ။)

## သခင်ယေရှုပြန်ကြွလာသည်

အန္တိခရစ်များ အာဏာရရှိလာပြီး နောက်ခုနှစ်နှစ်အကြာ ၎င်းတို့ ပရိညဉ်အားချိုးဖောက်သည့် သုံးနှစ်ခွဲ တိတိအချိန်နှင့်၊ သူ၏ အမှတ်တံဆိပ်များအား အတင်းအကြပ်ပြုလုပ်သည့်အချိန်တွင် သခင်ယေရှုသည် “ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက် မိုယ်းတိမ်ကိုစီး၍ ကြွလာတော်မူလိမ့်မည်။ သခင်ယေရှုသည် သူ့ကို ယုံကြည်သောသူများနှင့် သူ့ကို နှလုံးသားထဲတွင် လက်ခံထားသောသူများအား ဤကမ္ဘာလောကကြီးမှ ပြန်လည်သိမ်းဆည်း သွားပေမည်။ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် အမှောင်မိုက်ဆုံးသော ညသည် ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် အလင်းလက်ဆုံးသော အရုဏ်ဦးကို ရရှိပေမည်။ (မဿဲ ၂၄း၂၉-၃၁)

ဘုရားသခင် ကယ်တင်ခဲ့သော သားသမီးများအားလုံးသည် ရုတ်ချည်းပင် ပြောင်းလဲအသွင်ပြောင်းပြီး ၎င်းတို့သည် အသစ်သော အံ့ဖွယ်ရာတန်ခိုး၊ သဘာဝထက်ကျော်လွန်လျက် “ရှင်ပြန်ထမြောက်သည့် ခန္ဓာကိုယ်များ” သခင်ယေရှုရှင်ပြန်ထမြောက်ပြီး နောက်ဖြစ်သည့် ကိုယ်ခန္ဓာကဲ့သို့ ပြောင်းလဲသွားပေမည်။ ကျွန်ုပ်တို့သည် အံ့သြဖွယ်ရာ “အာကာသကောင်းကင်၌ သခင့်ထံတော်သို့ ရောက်စေခြင်းငှာ မိုယ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရပေမည်။ (၁သက်သာ ၄း၁၄-၁၇ သကော ၁၅း၅၁-၅၇၊ ဖိလိပ္ပိ ၃း၂၁)

## အာမဂေဒုန်

ဤကဲ့သို့ မိမိ၏သားသမီးများအား ပြန်လည် သိမ်းဆည်းပြီးနောက် မကြာမီ အချိန်တွင် သခင်ယေရှု ကိုယ်တော်တိုင် သူ၏ရှင်ပြန်ထမြောက်သော ဘုန်းကျက်သရေနှင့် ပြည့်စုံသော ကောင်းကင်ဗိုလ်ခြေတို့ဖြင့် ကောင်းကင်မှ ပြန်လည်ကြွလာပြီး ပယောဖက်များ ဟောပြောခဲ့သည့်အတိုင်း ထူးဆန်းသည့် မြင်းဖြူကြီးများကဲ့သို့ အန္တိခရစ်အားနှိမ်နင်း ဖျက်ဆီးပြီး အာမဂေဒုန်စစ်ပွဲ၏ သဘာဝ ဘေးဒဏ်ကပ်ကြီးအား လုံးဝချေမှုန်း ဖျက်ဆီးပစ်လိုက်မည်ဖြစ်ပါသည်။ ဤအချိန်တွင် သခင်ယေရှုနှင့် သူ၏အင်အားစုများသည် ရက်စက်ကြမ်းကြုတ်သော အန္တိခရစ်များအား ငြင်းဆန်သော ကယ်တင်ခြင်းမခံရသေးသော သူများအား ကယ်တင်ပေမည်။ ၎င်းတို့သည် ယခင်က သခင်ယေရှုအား မယုံကြည် လက်မခံခြင်းမှာ ၎င်းတို့၏ ဘာသာရေး ခံယူချက်များကြောင့် ဖြစ်ကောင်းဖြစ်မည် သို့ရာတွင် ၎င်းတို့သည် ကမ္ဘာလောကကြီးတွင် ခရစ်တော်အုပ်စိုးမည့် သာယာဝပြောသော နှစ်ပေါင်း ၁၀၀၀ ကာလတွင် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အား သခင်ခရစ်တော်ကို သိရှိရန်နှင့် ချစ်လာစေရန် အခွင့်ကိုလည်း ပေးဦးမည်ဖြစ်ပါသည်။ (ဗျာဒိတ် ၉း၁၃-၂၁၊ ၁၉း၁၁-၂၁၊ ၁၇း၁၄၊ ၁၆း၁၂-၂၁ တို့တွင်ကြည့်ပါ။)

## ဘုရားသခင်၏ ကမ္ဘာသစ်အစီအစဉ်

ထို့နောက် ဘုရားသခင်၏ နောက်လိုက်များဖြစ်သည့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘုရင် သခင်ယေရှုနှင့်အတူ ကမ္ဘာလောကကြီးအား သိမ်းပိုက်ပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ကြသည်မှာ ဘုရားသခင်တွင် အလိုတော်ကို လိုက်သောသူများကဲ့သို့ အုပ်ချုပ်ကြပေမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နိုင်ငံတော်ကြီးအား လောကတွင်ထူထောင်ပြီး လောကကြီးအား ဧဒင်ဥယျာဉ်၏ ငြိမ်းချမ်းမှု၊ လှပမှုများဖြင့် ပြန်လည်၍ပြုပြင်မည်။ ဤအံ့သြဖွယ်ရာ ကာလမှာ နှစ်ပေါင်း ၁၀၀၀ ကြာမြင့်မည်ဖြစ်ပြီး ၎င်းအား နှစ်ပေါင်း ၁၀၀၀ ကာလဟု သိမှတ်ရပါသည်။ (ဒံယေလ ၂း၄၄၊ ၇း၁၈,၂၆,၂၇၊ ဗျာဒိတ် ၂၀း၄)

## လေဟာပြင်မြို့တော်ကြီး

နှစ်ပေါင်း ၁၀၀၀ ကာလအဆုံးသို့ရောက်သောအခါ ဘုရားသခင်၏ကြီးမားသော ကောင်းကင်ဘုံမြို့တော်ကြီးသည် အထက်မှ မြေကြီးပေါ်သို့ ဆင်းသက်ပြီး၊ ၎င်းအားလှပသော ပရဒိသုဘုံ- ဧဒင်ဥယျာဉ်ကဲ့သို့ ပြန်လည်၍ ဖန်ဆင်းမည်။ ဘုရားသခင် ကိုယ်တော်တိုင် ကျွန်ုပ်တို့နှင့်အတူ ဤကမ္ဘာလောကကြီးထဲတွင် နေထိုင်မည်။ ၎င်းမှာ ဘုရားသခင်မှနေ၍ ကမ္ဘာလောကကြီးပြင်ပ လေဟာပြင်မှ လာ၍ သိမ်းပိုက်သည်နှင့်တူပြီး ၎င်း၏ကောင်းကင်ဘုံမြို့တော်ကြီးအား ယူဆောင်လာကာ၊ မိမိကိုယ်ကို ဘုရင်တကာတို့၏ဘုရင်အဖြစ်သို့ ထာဝရပြန်လည် တင်မြောက်မည်ဖြစ်ပါသည်။ ဤကြီးမားသော မြို့တော်ကြီးသည် အရှည်မိုင် ၁၅၀၀၊ အကျယ်မိုင် ၁၅၀၀ နှင့် အမြင့်မိုင်၁၅၀၀ ရှိပါသည်။ (ဗျာဒိတ် ၂၁၊ ၂၂ တို့တွင်ကြည့်ပါ။)

ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ဥပဒေများအတိုင်း လိုက်လျှောက်သည့် သူများကြောင့် ကမ္ဘာလောကကြီးသည် ပိုမို၍ ကောင်းမွန်သော ကမ္ဘာကြီး ဖြစ်လာရုံသာမက ပိုမို၍လည်း ယခင်ကထက်ပျော်ရွှင်ကြပေမည်။ အဆိုးဝါးဆုံး ဖြစ်သည့် စာတန်၊ အန္တိခရစ်၊ သူ၏

ပယောဖက်ယောင်များနှင့် ခရစ်တော်ကို ခါးသီးစွာငြင်းပယ်သောသူ၏ နောက်လိုက်များအားလုံးတို့သည်၊ ၎င်းတို့၏ ရက်စက်ဆိုးဝါးသည့် ပုန်ကုန်မှုကြီးကြောင့် “မီးအိုင်” ထဲသို့ ပစ်ချခြင်းခံရပေမည်။

ဤအရာများသည် သင့်အား အံ့ဩစေမည်ဖြစ်သော်လည်း ၎င်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အမှန်တရားပင် ဖြစ်သည်။ မကြာမီအတွင်း ဖြစ်လာမည့်အရာများအား အမှန်တကယ် သိရှိလိုပါက သင်ကိုယ်တိုင် ကျမ်းစာကို ဖတ်ရှုနိုင်ပါသည်။ ဘုရားသခင်၏ သားသမီးများအတွက် အနာဂတ်တွင် ပြင်ဆင်ထားသည့် အရာများသည် သင့်ကို အံ့ဩသွားစေမည်။ ဘုရားသခင်က သင့်အား အဆုံးတိုင်အောင် စောင်မကြည့်ရှုပါစေသော။

# သင်၏မေးခွန်း၊ ဘုရားသခင်၏အဖြေများ

မေးခွန်း– *ယနေ့ကျွန်ုပ်တို့၏ခေတ်မီ လူ့အဖွဲ့အစည်း၏ ရှုပ်ထွေးနေသော ပြဿနာများအတွက် ယေဘုယျအဖြေရှိပါသလား။?*

အဖြေ- သခင်ယေရှုက “ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့” ဟု မိန့်ကြားခဲ့ပါတယ်။(မဿဲ ၂၂း၃၉) ဒါပေမဲ့ လူတွေဟာ အခြားသူများကို မေတ္တာနဲ့မဆက်ဆံတဲ့အခါ မှာပြဿနာ ပေါ်လာမှာဖြစ်ပါတယ်။ တကယ်လည်း ပေါ်လာပါတယ်။ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ဒီကနေ့ကမ္ဘာပေါ်မှာရှိတဲ့ မကောင်းမှုအားလုံးဟာ ဘုရားသခင်နဲ့လူအချင်းချင်း ချစ်ခြင်းမေတ္တာမရှိတဲ့အပေါ်မှာ အခြေခံတာကို တွေ့ရပါတယ်။ သို့ပါလျက်နှင့် ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသည့် နားလည်ရန် ခက်ခဲသောအရာများ၊ ရှုတ်ထွေးမှုများအတွက် ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ကိုယ်နှင့်စပ်ဆိုင်သူများအပေါ် ချစ်တဲ့ချစ်ခြင်းမေတ္တာသည်သာလျှင် အဖြေဖြစ်ပါသည်။ ကျွန်ုပ်တို့ဟာ ဘုရားသခင်ကို ချစ်မယ်ဆိုရင် အခြားလူတွေကိုလည်း ဘုရားသခင်ရဲ့ ဖန်ဆင်းခြင်းသတ္တဝါများအဖြစ် ချစ်ခင်လေးစားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီနောက် သူ့ရဲ့အသက်တာတွင် အုပ်စိုးမှု၊ လွတ်လပ်မှုများနဲ့ပျော်ရွှင်ခြင်းတို့ကို ပိုင်ဆိုင်ရရှိခြင်းအားဖြင့် သူနှင့်အတူ စံစားပြီးပျော်ရွှင်မည် ဖြစ်ပါသည်။

အဲဒါမှ ဘုရားသခင်အား သင့်ရဲ့ အိမ်နီးချင်းများအား သူ၏မေတ္တာဖြင့် ချစ်နိုင်ရန် တောင်းခံပါ။ အိမ်နီးချင်းဟုဆိုရာတွင် ကိုယ်၏ တဖက်ခြံတွင်နေထိုင်သူများကို သာဆိုလိုခြင်းမဟုတ်ချေ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အရောင်မရွေး၊ တိုင်းရင်းသားမရွေး ကျွန်ုပ်တို့တွေသမျှ ကျွန်ုပ်တို့ အကူအညီလိုနေသော သူများကို ဆိုလိုပါသည်။

အနည်းငယ်သော ချစ်ခြင်းမေတ္တာ၊ နားလည်ပေးမှု၊ သည်းခံမှုနဲ့ ဝေငှမှုများဟာ ကမ္ဘာ့ပြဿနာများအား ဖြေရှင်းရာတွင်များစွာ ထိရောက်မှုရှိပါသည်။ တစ်နည်းအားဖြင့် ဘုရားသခင်ကို ချစ်ဖို့နဲ့ ကိုယ်နဲ့ဆိုင်သောသူများအား ကိုယ်နှင့်အမျှ ချစ်ဖို့ဟာ ခရစ်ယာန်တိုင်းရဲ့ပန်းတိုင်ဖြစ်သင့်ပါသည်။ သင်ကော? ချစ်ခြင်းမေတ္တာဟာ သင့်ရဲ့ပြဿနာ အားလုံးကိုလည်း ဖြေရှင်းပေးပါလိမ့်မယ်။

# ပေတရု၏ပြောင်းလဲခြင်း

ပုံပြင်တွင်ပါရှိသည့် အဖြစ်အပျက်အား ကျမ်းစာထဲတွင် အောက်ပါကျမ်းပိုဒ်များတွင် ဖော်ပြပါရှိပါသည်။ မဿဲ ၂၆၊ မာကု ၁၄၊ လုကာ ၂၂ နှင့် တမန်တော် ၁-၄)

ကျမ်းစာထဲတွင် ထင်ရှားကျော်ကြားသူ ပုဂ္ဂိုလ်များအနက် တစ်ဦးမှာ ရှိမုန် Simon Bar Jona ဖြစ်ပြီး ယနေ့တွင် သူ့အား တမန်တော်ကြီး ရှင်ပေတရုဟု အလွယ်တကူ သိရှိနိုင်ပေသည်။ သခင်ယေရှုရဲ့တပည့်တော်တစ်ဦးဖြစ်တဲ့ ပေတရုမှာ ပေါ်လွင်ထင်ရှားတဲ့ အရည်အချင်းများရှိပြီး ၎င်းဟာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ တံငါသည်ကြီး ခွန်အားနှင့် အမူအရာများဖြင့် တက်ကြွလျက်ရှိ၏။

ခရစ်တော်ကိုယ်တိုင် ဦးဆောင်သင်ကြားပေးမှုကို ခံယူနေသည့် နှစ်များအတွင်းတွင် ပေတရုသည် မကြာခဏ သူမှန်တယ်ထင်တဲ့အရာ၊ လုပ်သင့်တယ်လို့ဆိုတဲ့ ဘယ်အရာကို မဆို နောက်ဆက်တွဲ ဘာတွေဖြစ်လာမလဲ ဆိုတာကို မစဉ်းစားဘဲ လုပ်လေ့ရှိပါတယ်။ ပေတရုဟာ တမန်တော် ၁၂ပါးမှာ ရင်ထဲမှာ ရှိတာကို ထုတ်ဖော်အပြောတတ်ဆုံးသောသူ - သူ့ရဲ့ဦးနှောက်ထဲမှာရှိတာကို ဘယ်တော့မှ ပြောဖို့မနှောင့်နှေးသောသူဖြစ်ပေမယ့် မကြာခဏပဲ အပြောနဲ့အလုပ် ဆန့်ကျင်ဘက်ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒါပေမယ့် စွမ်းအားရှိတဲ့လူဟာ အပြစ်နဲ့လူလို့ ဆိုတဲ့အတိုင်းပဲ သူ့ရဲ့ခိုင်မာတဲ့ ကိုယ်ရည်ကိုယ်သွေးတွေရှိလင့်ကစား- ပေတရုရဲ့အင်အား ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ ဘယ်အမှုကို ဘယ်လိုလုပ်သင့်သလဲဆိုတာကို အကြံညဏ်ပေးနိုင်တဲ့သူဟာ မကြာခဏပဲ အထက်ပါအရာတွေက ၎င်းကို ဆုတ်ဆိုင်းစေပြီး-ကြီးမားတဲ့အမှားတွေနဲ့အဆုံးသတ်သွားတတ်ပါတယ်။

ဒါပေမဲ့ ပေတရုဟာ သခင်ယေရှုထမြောက်ပြီးနောက် မကြာခင်မှာဘဲ ပြဇာတ်ဆန်ဆန် ပြောင်းလဲခြင်းကို ခံရပါတယ်။ ဒီပြောင်းလဲခြင်းဟာ ဒီပုံပြင်လေးရဲ့အကြောင်းပဲဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ဒီပုံပြင်လေးကို သခင်ယေရှု လောကကြီးထဲမှာ သူ့ရဲ့သာသနာခရီးရဲ့နောက်ဆုံးနာရီ- တပည့်တော်များနဲ့ နောက်ဆုံးညစာစားပွဲကနေပြီး အစပြုထားပါတယ်။

သူဟာ မကြာခင်မှာဘဲ ဒီကမ္ဘာလောကကြီးရဲ့အပြစ်တွေအတွက် နှိပ်စက်ညှဥ်းပန်းခြင်းနဲ့အတူ အသေသတ်ခြင်းကို ခံရတယ်ဆိုဒါသိနေတဲ့အတွက် သူ့ရဲ့တပည့်တော်တွေကို ဝမ်းနည်းစွာနဲ့ "ယနေ့ညဥ့်တွင် သင်တို့ငါ့ကိုစိတ်ပျက်ပြီး စွန့်ပစ်ကြလိမ့်မည်။ ကျမ်းစာလာသည်ကား သိုးထိန်းကို ငါရိုက်သတ်၍ သိုးတို့သည် ကွဲလွင့်ရကြလိမ့်မည်။" လို့ပြောလိုက်ပါတယ်။ (ဇာခရိ ၁၃း၇)

ဒါကိုကြားတဲ့အခါမှာ ပေတရုဟာ စိတ်လိုက်မာန်ပါနဲ့ "ကိုယ်တော်နှင့်တကွ သေရသော်လည်း အကျွန်ုပ်သည် ကိုယ်တော်ကိုမငြင်းပယ်ပါ" ဟု ပြန်၍ လျှောက်လေ၏။

ရှေ့ဆက်ဘာတွေဖြစ်မယ်ဆိုတာကို သိနှင့်ပြီးဖြစ်တဲ့ သခင်ယေရှုဟာ ပေတရုကို ညင်သာစွာနဲ့ "ယနေ့ညဥ့်တွင် ကြက်မတွန်မှီမှာ သင်သည် သုံးကြိမ်မြောက်အောင် ငါ့ကို ငြင်းပယ်လိမ့်မည်" လို့ပြောလိုက်ပါတယ်။

ပေတရုဟာ ဒီကြိုတင်ဟောပြောမှုကြောင့်တုန်လှုပ်ခြောက်ခြားသွားပြီး ခေါင်းမာစွာနဲ့ပဲ " ကိုယ်တော်နှင့်တကွသေရသော်လည်း ကိုယ်တော်ကို မငြင်းပယ်ပါ" ဟုပြန်၍ပြောလေ၏။ အခြားသော တပည့်တော်တွေကလည်း လျင်မြန်စွာပဲ ပေတရုပြောခဲ့တဲ့စကားကို သဘောတူညီကြောင်းနှင့် သခင်ယေရှုဘာပဲဖြစ်နေနေ သူတို့ ရပ်တည်မယ်လို့ဝိုင်းပြောကြပါတယ်။

ဒါပေမယ့် ပေတရုအတွက် စိတ်ပျက်ဒေါသထွက်စရာကောင်းတဲ့ သခင်ယေရှုရဲ့ကြိုတင် ဟောပြောချက်ဟာ မကြာခင်မှာပဲ ပြည့်စုံ လာပါတယ်။ အဲဒီညမှာ သခင်ယေရှုဟာ သူ့ရဲ့တပည့်တော်တွေနဲ့ ဂေသရေမန် ဥယျာဉ်ထဲမှာ ဆုတောင်းနေစဉ်- ယဇ်ပုယောဟိတ်အကြီး၊ ကျမ်းပြုဆရာ၊ လူအကြီးအကဲများ စေလွှတ်သော လူအစုအဝေး အပေါင်းတို့သည် ဓါးနှင့် တုတ်များကိုကိုင်လျက် လာကြလေသည်။ သူတို့ဟာ သခင်ယေရှုကို ဖမ်းလိုက်ပါတယ်။ သူ့ရဲ့အချိန်ကျရောက်ပြီဆိုတာ သိတဲ့အတွက် အေးချမ်းစွာနဲ့ပဲ သူတို့နောက်ကို လိုက်သွားပါတယ်။ သခင်ယေရှုရဲ့ တပည့်တော်တွေဟာ သူအဖမ်းခံရတဲ့အတွက် ထိမ်းမနိုင်သိမ်းမရအောင် ကြောက်လန့်သွားတဲ့အတွက် သေသည့်တိုင်အောင် သစ္စာရှိပါမယ်လို့ ထားခဲ့တဲ့ကတိတွေကို လျင်မြန်စွာမေ့သွားပြီး ၎င်းတို့၏အသက်ဘေးအတွက် အမှောင်ထဲကို ထွက်ပြေးသွားကြပါတယ်။

သခင်ယေရှုကို စွဲချက်တင်ဖို့ ဘာသာရေးခုံရုံးတစ်ခုကို ယစ်ပုယောဟိတ်ရဲ့အိမ်မှာ လျင်မြန်စွာခင်းကျင်းလိုက်ပါတယ်။ သူ့အားခေါ်ဆောင်သွားအခါတွင် ပေတရုသည် ရှိသမျှ သတ္တိကလေးကို စုစည်းလိုက်ပြီး အဝေးမှနေ သခင်ယေရှုကို ဖမ်းဆီးသွားသော ဗိမာန်တော်အစောင့်များ မမြင်စေရန် သတိထားပြီးလိုက်လေသည်။ အိမ်၏အပြင်ဘက်တရားရုံးဝင်းသို့ ရောက်သောအခါ တံခါးဝတွင် ရပ်ကာ ထိုအမှု၏ အဖြစ်အပျက်များကို ခပ်လှမ်းလှမ်းမှနေ၍ ကြည့်လေ၏။ အဝင်ဝတွင် ရှိသည့် မိန်းမတစ်ဦးက စိတ်လှုပ်ရှားပြီး စိတ်ဓါတ်ကျနေတဲ့ သူ့ကိုသတိထားမိတဲ့အတွက် မသင်္ကာစွာနဲ့ "သင်သည် ထိုသူ၏ တပည့်တို့အဝင်ဖြစ်သည်မဟုတ်လော" ဟူ၍မေးလိုက်လေ၏။

"မဟုတ်ဘူး၊ ကျွန်တော်မဟုတ်ဘူး" လို့သူဟာ ခြံဝင်းထဲမှာ အစောင့်တွေ ဖိုထားတဲ့ မီးဖိုဘေးကို တိုးကပ်ရင်း ခါးသီးစွာ ငြင်းဆိုလိုက်ပါတယ်။

နောက်မကြာခင်မှာဘဲပေတရု မီးလှုံနေစဉ်သခင်ယေရှုကို ဖမ်းဆီးစဉ်က ပါလာတဲ့ လူတစ်ယောက်ကနေပြီး ပေတရုကို လက်ညှိုးထိုးကာ ကျယ်လောင်စွာနဲ့ "ဂေသရေမန် ဥယျာဉ်၌ ယေရှုနှင့်အတူ ရှိသည်ကို ငါမြင်ခဲ့ပြီ မဟုတ်လော" ဟု ပြောလေ၏။

"ငါကျိန်ဆိုတယ်။ ဒီလူကို ငါလုံးဝမသိဘူး" လို့ ပေတရုက လေးလေးနက်နက်ပြန်ဖြေလိုက်ပါတယ်။

တိတ်ဆိတ်မှုကြီးဟာ ဖြစ်ပေါ်လာပါတယ်။ ပေတရုဟာ မိမိကိုယ်ကို ပြန်ပြီး နဂိုပုံစံဖြစ်အောင် ကြိုးစားနေချိန်မှာ သူ့ရဲ့စိတ်မသက်မသာဖြစ်မှုဟာ ပိုပြီးကြီးထွားလာပါတယ်။ ဒါပေမယ့် မကြာခင်မှာဘဲ ဘေးမှာရှိတဲ့လူတွေကပါ ဒီလူရဲ့ စွပ်စွဲချက်ကို ထောက်ခံကာ "အကယ်စင်စစ် သင်သည်သူတို့အဝင်ဖြစ်၏။ သင်သည် ဂါလိလဲလူဖြစ်၏။ သင့်စကားလည်းတူ၏"လို့ ပြောကြပါတယ်။




သူ့ရဲအသက်အန္တရာယ်ကို ကြောက်ရွံ့တာက တစ်ကြောင်း ဒီခြိမ်းခြောက်နေတဲ့ အခြေအနေဆိုးကနေပြီး လွတ်မြောက်ရန် ပေတရုက စတင်ပြီး ကျိန်ဆိုကာ "သင်တို့ဘာပြောသလဲဆိုတာ ကျွန်ုပ်မသိဘူး၊ သင်တို့ပြောတဲ့လူကိုလည်းမသိဘူး" လို့ပြန်ပြောလိုက်ပါတယ်။

ပေတရုဟာ ဒီတတိယအကြိမ်မြောက်ငြင်းပယ်ပြီးနောက် ခဏခြင်းမှာပဲ ကြက်ဟာကျယ်လောင်စွာ တွန်လိုက်ပါတယ်။ အဲဒီ အချိန်မှာ သခင်ယေရှုဟာ သူ့ကို ဖမ်းဆီးသူများပါရှိလျက် ဒီတရားစီရင်တဲ့နေရာက

နေပြီး အခြားအဆောက်အဦးတစ်ခုကို သွားရာတွင် သခင်ဘုရားကလှည့်ပြီး ပေတရုကို ကြည့်လိုက်ပါတယ်။ ချက်ခြင်းပဲ ပေတရုဟာ သခင်ယေရှုပြောခဲ့တဲ့ "ကြက်မတွန်မီ သင်သည် သုံးကြိမ်မြောက် အောင်ငါ့ကို ငြင်းပယ်လိမ့်မယ်" ဆိုတဲ့စကားကို သတိရလိုက်ပါတယ်။

ပေတရုဟာ သူလုပ်ခဲ့တဲ့ အရာအတွက်နောင်တကြီးစွာရပြီး သူ့ရဲ့ဝမ်းနည်းမှုကို မထိမ်းသိမ်းနိုင်အောင် ဖြစ်သွားပါတယ်။ သူ့ရဲ့မျက်စိထဲမှာ မျက်ရည်တွေ ကျလာတဲ့အခါမှာတော့ သူဟာ ဒီတရားရုံးဝင်းထဲကနေပြီး အမှောင်ထဲကို ဂမူးရှူးထိုး ပြေးထွက်သွားပါတယ်။ နောက်ဆုံးသူဟာ လူသူမရှိတဲ့ မြို့ရဲ့လမ်းကြားလေး တစ်ခုထဲကို ရောက်တဲ့အခါမှာတော့ သူ့ကိုယ်သူ မြေကြီးပေါ်ကို ပစ်လှဲချလိုက်ပြီး သည်းထန်စွာငိုကြွေးလိုက်ပါတယ်။

ဒါဟာ အလုံးစုံ ဆုံးခန်းတိုင်သွားပြီလို့ထင်ရပါတယ်။ နောက်တစ်နေ့မှာတော့ သခင်ယေရှုကို ကားတိုင်တင်ရန် ခေါ်ဆောင်သွားပါတယ်။ တပည့်တော်တွေဟာ သူတို့ရဲ့အသက်ဘေးကို ကြောက်ရွံ့ပြီး အခန်းလေးတစ်ခုထဲမှာ စုရုံးပြီး ပုန်းအောင်းနေကြပါတယ်။

ဒါပေမယ့် ကားတိုင်ပေါ်မှာ အသတ်ခံရပြီး နောက်သုံးရက်မြောက်သောနေ့မှာ သခင်ယေရှုဟာ သေခြင်းမှ အောင်မြင်စွာရှင်ပြန်ထမြောက်ပြီး သူ့ရဲ့တပည့်တော်တွေကို ကိုယ်ထင်ပြပါတယ်။ ချစ်မြတ်နိုးစွာနဲ့ သူဟာ ပေတရုနဲ့အခြားသော သူများအား ၎င်းတို့ရဲ့ ကြောက်ရွံ့မှုနဲ့ ငြင်းပယ်မှုများကို ခွင့်လွှတ်တဲ့ သူ့ရဲ့စကားတွေဟာ သူတို့ကိုအသစ်သောခွန်အားနဲ့ယုံကြည်ခြင်းများကို ပြည့်ဝလာစေပါတယ်။ ၎င်းတို့ရဲ့တစ်သက်တာမှာ အကြီးမားဆုံးသော ပြောင်းလဲခြင်းကြီးဟာ အစပြုတော့မှာဖြစ်ပါတယ်။

သူကားတိုင်ပေါ်မှာ အသေသတ်ခြင်းကို ခံရပြီးနောက် ၃-ရက်မြောက်နေ့တွင် သခင်ယေရှုသည် အောင်မြင်ခြင်းနှင့် ရှင်ပြန်ထမြောက်ပြီး သူ့ရဲ့တပည့်တွေကို ကိုယ်ဖော်ပြကာ ၎င်းတို့အား ခွန်အားပေးပြီး သူတို့၏ရှေ့မှာရှိတဲ့ သာသနာလုပ်ငန်းအကြောင်းကို အသေးစိတ်ရှင်းလင်းပြပါတယ်။ ရက်ပေါင်း လေးဆယ်ပြည့်ပြီး သူကောင်းကင်ဘုံကိုပြန်လည် မတက်ကြွမီ ၎င်းတို့အား ယေရှုရှလင်မြို့သို့ ပြန်သွားကြရန် ညွှန်ကြားခဲ့ပါသည်။ "ငါ့ခမည်းတော်၏ ကတိရှိသည့်အတိုင်း သင်တို့၌ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်က တန်ခိုးကို မခံမီတိုင်အောင် ယေရှုရှလင်မြို့၌ နေကြဦးလော့။ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သည် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်။ (လုကာ ၂၄၊၂၉၊ တမန် ၁း၈)

တမန်တော်များနှင့် အခြားသောတပည့်တော် ၁၂၀ကျော် နှင့် ၎င်းတို့၏ဇနီးသားသမီးများတို့သည် ယေရှုရှလင်မြို့သို့ ပြန်လည်ထွက်ခွာပြီးနောက် အတူတကွနေထိုင်ကြပြီး ဆုတောင်းကာစောင့်နေကြခြင်းဖြင့် သခင်ယေရှု ကောင်းကင်သို့ မတက်ကြွမီ နောက်ဆုံးမှာကြားခဲ့သည့် စကားကို နားထောင်ကြ၏။ ၎င်းတို့၏ဆုတောင်းခြင်းများသည် ၁၀ ရက်ကြာပြီးနောက် ဘုရားသခင်၏ အံ့သြဖွယ်ရာ ဖော်ပြချက်တန်ခိုးတော်ကို ရုတ်တရက်ရရှိခြင်းဖြင့် အဖြေကို ရရှိပါသည်။ ကျမ်းစာမှနေ၍ ၎င်းအားဖော်ပြရာတွင် "ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တခဏခြင်းတွင် ကောင်းကင်မှလာ၍၊ ထိုသူတို့နေထိုင်သော အိမ်ဖြတ်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသောလျှာတို့သည်မီးလျှာကဲ့သို့ထင်ရှား၍ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်အရေးကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။" လို့ဖော်ပြထားပါတယ်။ (တမန် ၂း၂-၄)

ဒီအရာပါပဲ။ သူတို့စောင့်မျှော်နေခဲ့တဲ့အရာဟာ ဒီအရာပဲဖြစ်ပါတယ်။ ယခုသူဟာ ထွက်ခွာသွားပြီဖြစ်သော်လည်း သူ့ရဲ့ အမှုတော်ကို ဆက်လက်ထမ်းဆောင်ဖို့ ၎င်းတို့အား အံ့သြဖွယ်ကောင်းလှသည့် ခွန်အားနှင့်တန်ခိုးများဖြင့် ပြည့်ဝစေပါသည်။ ချက်ခြင်းပဲ ၎င်းတို့ရဲ့ကြောက်ရွံ့မှု၊ ပူပန်မှု၊ ၎င်းတို့ရဲ့ယုံကြည်ခြင်း အပေါ်မလုပ်ဆောင်နိုင်မှုများသည် ကွယ်ပျောက်သွားပါသည်။ ပေတရုရဲ့ နှလုံးသားတစ်ခုလုံးနဲ့အသက်တာဟာ ချက်ခြင်းပဲ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ တန်ခိုးတော်အားဖြင့် ပြောင်းလဲသွား ခြင်းဟာ-တပည့်တော်များ အားကြီးမားသော သက်သေခံချက်များအား -အသက်တာတစ်လျှောက်လုံးတွင် လုပ်ဆောင်စေရန် တွန်းအားပေးခဲ့ပါသည်။




ယုဒလူမျိုးများ၏ ပေါ်းရိတ်သိမ်းသည့်ပွဲတော်သည် အဓိက ဘာသာရေးပွဲဖြစ်ပြီး ယေရှုရှလင်မြို့ရဲ့လမ်းများပေါ်တွင် ကျင်းပ လေ့ရှိကာ နိုင်ငံပေါင်းစုံမှ ယုဒလူမျိုး ဘုရားဖူးများသည် နှစ်စဉ်ဤပွဲတော်ကြီးသို့ လာကြပါသည်။ ပေတရုဟာ တခြားတပည့်တော်များနှင့် အတူ လမ်းပေါ်သို့ရောက်ရှိလာပြီး- သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝယိုဖိတ်လျက်-၎င်းတို့အားလုံးဟာ အဲဒီနေ့ ယေရှုရှလင်မြို့သို့ လာရောက်သည့် ဧည့်သည်များ၏ သာသာစကားများအား ချောမွေ့စွာပြောဆိုကြလေသည်။ အယောက်စီတိုင်းဟာ မိမိမပြောဖူးတဲ့ ဘာသာစကားကို ပြောကြခြင်းဖြစ်သည်။ မြို့ထဲတွင် ဤအံ့သြဖွယ်ရာ သတင်းစကားဟာ ပျံ့နှံ့သွားတဲ့အခါမှာတော့ လူတွေဟာ စုရုံးရောက် ရှိလာပါတယ်။ တပည့်တော်တွေလည်း ရဲဝံ့စွာနဲ့ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ခရစ်တော်အားဖြင့်ပေးတဲ့ ကယ်တင်ခြင်းတရားကို လူစုလူဝေးအား ဟောပြောလေ၏။

ချက်ခြင်းပဲ ပေတရုဟာ အနီးမှာရှိတဲ့ အဆောက်အဦးတစ်ခုရဲ့ လှေကားပေါ်တက်သွားပြီး လက်ကိုမြှောက်ကာ ကြီးမားတဲ့လူစုလူဝေးကြီးကို ကျယ်လောင်သော အသံနဲ့ အော်ပြောလိုက်တဲ့အခါမှာ ၄င်းတို့အားလုံးဟာ တိတ်ဆိတ်သွားပါတယ်။ သူဟာစတင်ပြီး ၄င်းတို့ကို အခွင့်အာဏာနှင့်တကွ ယုံကြည်စွာပြောလိုက်တဲ့အခါမှာတော့ အံ့အားသင့်နေတဲ့လူ ၃၀၀၀ ဟာ ပြောင်းလဲသွားရုံမက အဲဒီနေ့မှာပဲ ခရစ်တော်ရဲ့တပည့်တော်ဖြစ်ဖို့ ၄င်းတို့ရဲ့ ကိုယ်ကို အပ်နှံကြပါတယ်။

ပေတရုဟာ ပြောင်းလဲသွားပါတယ်။ ဒီနေရာမှာ သူဟာ သခင်ယေရှု အဖမ်းခံရပြီးနောက်မှာ သတ္တိကြောင်စွာနဲ့ငြင်းပယ်ခဲ့တဲ့လူတစ်ယောက်ဖြစ်ပါတယ်။ အခုသူဟာ လွန်ခဲ့တဲ့ သီတင်းပတ်များက သခင်ယေရှုကိုဖမ်း၊ စွဲချက်တင်ပြီးသတ်ခဲ့တဲ့ ဒီမြို့မှာဘဲ လူထောင်ပေါင်းများစွာတို့ရှေ့မှာရပ်ပြီး ရဲဝံ့စွာနဲ့ ဘုရားသခင်ရဲ့ သတင်းစကားကို ၄င်းတို့အားလုံးကို ဟောကြားနေပါတယ်။ ဒီလိုမျိုးရုတ်တရက် ပြောင်းလဲသွားရတဲ့ အကြောင်းရင်းက ဘာတွေလဲ? သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ ထူးဆန်းသော တန်ခိုးနှင့် စွမ်းအားတို့ကြောင့်ပဲဖြစ်ပါတယ်။ ဘုရားသခင် ကတိပေးခဲ့တဲ့အတိုင်း သန့်ရှင်းသော ဝိညာဉ်တော် သူတို့အပေါ်မှာ ဆင်းသက်တဲ့အခါမှာ သူတို့ဟာ တန်ခိုးကိုရရှိသွားကြပါတယ်။

လွန်ခဲ့သော သီတင်းပတ်အနည်းငယ်က ပေတရုဟာ သူ့ရဲ့အသက်တာမှာ အကြီးမားဆုံးသော စမ်းသပ်မှုကို ခံခဲ့ရတာဟာ သူ့အတွက် အဆိုးဝါးဆုံးသော ပြစ်မှုကြီးကို ကျူးလွန်တယ်လို့ ထင်မြင်မိစေပါတယ်။ ဒါပေမဲ့ နောင်တရဖို့ အချိန်မရှိပါဘူး။ ဘုရားသခင်ရဲ့ ချစ်ခြင်း မေတ္တာသတင်းစကားတွေဖြစ်တဲ့ ဧဝံဂေလိတရားတော်ကြီးဟာ ကျယ်ပြန့်စွာ ပျံ့နှံ့နေပြီး ပျံ့နှံ့နေ ဆဲဖြစ်တယ်။ ဘုရားသခင်ဟာ ပေတရုအားဖြင့် တခါမှ ဖြစ်လာမယ်လို့ မထင်ရတဲ့အရာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့အချိန်တုန်းကဆိုရင် သူဟာ စိတ်လိုက်မာန်ပါလုပ်ခဲ့တဲ့အတွက် မှားယွင်းတဲ့ ကိစ္စတွေကို မှားယွင်းတဲ့ အချိန်တွေမှာ ပြောတတ်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ သူဟာဘုရားသခင် ဆုတောင်းခဲ့တဲ့အတိုင်း "ညီအစ်ကိုတို့ကို တည်ကြည်စေသောသူ" ခေါင်းဆောင်တစ်ဦး ဖြစ်လာပေသည်။(လုကာ ၂၂း၃၂)

ပေတရုဟာ ခွန်အားရရှိရှုသာမက တပည့်တော်တွေအားလုံးဟာ ဘုရားသခင်ရဲ့ဝိညာဉ်တော်က ၄င်းတို့ရဲ့ အသက်တာမှာ အံ့ဩဖွယ်ရာများလုပ်ဆောင်တဲ့အတွက် အတိုင်းမသိဝမ်းမြောက်ကြရတယ်။ သူတို့ဟာ ဘုရားသခင်ကို အဆိုးဝါးဆုံးသောအချိန်မှာ စွန့်ခွာသွားခဲ့ပေမယ့် သခင်ယေရှုက သူတို့ကိုချစ်နေဆဲ အပြစ်မှလွတ်ကြောင်းကို သိရပါတယ်။ ယခုသူတို့ရရှိတဲ့ခွန်အားနဲ့ ရဲရင့်ခြင်းတွေအားလုံး ဟာ ယခင်သခင်ယေရှု သူတို့နှင့်အတူ လိုက်လျှောက်စဉ်က ခံစားရသည့် ခံစားမှုများထက်ပင်သာပေ၏။

သခင်ယေရှုဟာပျောက်ကွယ်သွားတာမျိုးမဟုတ်ဘဲ ယခင်ကထက်ပိုမို၍ နီးလာခြင်းဖြစ်ပါတယ်။ သူတို့ဟာ ၄င်းအဖမ်းမခံရမီ နောက်ဆုံးညစာတွင် ပြောခဲ့သည့် စကားများကို ပြန်လည်၍ သတိရစေပါသည်။ "ငါအမှန်အကန် ဆိုသည်ကား ငါသွားလျှင်သင်တို့ အကျိုးရှိလိမ့်မည်။ အကြောင်းမူကား ငါမသွားလျှင် ဥပဒ္ဒယ်ဆရာသည် သင်တို့ဆီသို့မလာ၊ ငါသွားလျှင်ထိုသူကို သင်တို့ဆီ ငါစေလွှတ်မည်။ ငါအမှန်အကန်ဆိုသည်ကား ငါ့ကို ယုံကြည်အပ်သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်။ (ယောဟန် ၁၄း၁၂,၁၆,၁၇၊ ယောဟန် ၁၆း၇)

သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သည့် အံ့ဩဖွယ်ရာနေ့ရက်များ မကြာမီမှာ ပေတရုနဲ့ယောဟန်ဟာ မွေးကတည်းက ခြေမသန်တဲ့လူအတွက် အံ့အားသင့်နေတဲ့ ပရိသတ်တွေရဲ့ရှေ့မှောက်မှာပဲ ဆုတောင်းပြီး ပျောက်ကင်းစေပါတယ်။ ဒီအံ့ဩဖွယ်ရာအကြောင်းကိုကြားရလို့ လာရောက် စုရုံးနေကြတဲ့ ထောင်ပေါင်းများစွာသော လူများကို ပေတရုက စကားပြောလိုက်တဲ့အခါမှာ လူ ၅၀၀၀ ထက်မက ပြောင်းလဲသွားပြီး တပည့်တော်များနှင့်ပေါင်းလိုက်သောအခါတွင် အရေအတွက်မှာ ၈၀၀၀ကျော်အထိ မိန်းမနှင့်ကလေးမပါဘဲ တိုးပွားလာလေသည်။ ဒါဟာသခင်ယေရှုကနေပြီး သူ့ရဲ့နောက်လိုက်များကို ပြုလုပ်စေခဲ့သည့် "သာ၍ကြီးမြတ်သောအမှု" သည်ဧကန်အမှန် အစပြုနေပြီးဖြစ်ပါသည်။ အဘယ်ကြောင့်နည်း? အဘယ်ကြောင့်ဆိုသော် သခင်ယေရှုဟာ သူတို့နဲ့အတူရှိမနေတော့ပေမယ့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ၄င်းတို့အထဲတွင် တည်ရှိနေခြင်းတို့ကြောင့်ဖြစ်ပါသည်။

အဲဒီနောက်လာတဲ့ရက်တွေမှာတော့ ပေတရုနဲ့ယောဟန်ဟာ- ၄င်းတို့ရဲ့ ကယ်တင်ပိုင်ရှင်ကို လက်ဝါးကပ်တိုင်ပေါ်မှာ သတ်ခဲ့တဲ့ မနာလိုဝန်တိုဖြစ်နေတဲ့ ဘာသာရေးခေါင်းဆောင်များရဲ့နှိပ်စက်ညှဉ်းပန်းမှု ကိုရင်ဆိုင်ရပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ကြောက်ရွံ့ခြင်း၊ သူရဲဘောနည်းခြင်း၊ ငြင်းပယ်ခြင်းများ မရှိတော့ပါ။ ယောဟန်နဲ့အတူ အဖမ်းခံရတဲ့အခါမှာ ပေတရုဟာ သူတို့ရဲ့ ကောင်စီများရှေ့မှာ သတ္တိရှိရှိ- အခွင့်အာဏာနဲ့ သက်သေခံခဲ့ဒါကို ကျမ်းစာက "ပေတရုနှင့် ယောဟန်တို့၏ ရဲရင့်ခြင်း၊ သတ္တိကိုမြင်၍ လူတတ်မဟုတ် လူသာမန်သာဖြစ်သည်ကို သိမှတ်သဖြင့် အံ့ဩ၍နေကြ၏။ ထိုသူနှစ်ယောက်တို့သည် အထက်၌ယေရှုနှင့်အတူရှိနေသည်ကို သတိရ၍" လို့ဖော်ပြထားပါတယ်။ (တမန် ၄း၁၃) သူတို့ဟာ အဘယ်ကြောင့် အံ့ဩကြသနည်း? အဘယ်ကြောင့်ဆိုသော်- သခင်ယေရှုကကမ္ဘာပေါ်တွင် နေထိုင်စဉ်က ပြုလုပ်ခဲ့သည့် တန်ခိုးများအား ၄င်းတို့အထဲတွင်တွေ့ရခြင်းကြောင့်ဖြစ်၏။

ပေတရုဟာ သခင်ယေရှုကို ယုံကြည်ပေမဲ့ သူဟာ သန့်ရှင်းသောဝိညဉ်တော်နဲ့ မပြည့်ဝခင်မှာ ခရစ်တော်အတွက် ရပ်တည်ဖို့ရန် တန်ဖိုးမရှိခဲ့တဲ့အတွက် အကြီးမားဆုံးသော စော်ကားမှုကြီးဖြစ်တဲ့ သခင်ယေရှုကို ငြင်းပယ်ခြင်းကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ပေတရုရဲ့အသက်တာဟာ သန့်ရှင်းသော ဝိညဉ်တော်မရရှိမှီနဲ့ ရရှိပြီးနောက် ခြားနားမှုကတော့ ပေတရုရဲ့လုပ်ကိုင် အောင်မြင်လေသမျှတို့ဟာ သူ့ရဲ့အရည်အသွေး အားမာန်တို့၏ ရလဒ်ကြောင့်မဟုတ်တော့ဘဲ သူ့အထဲတွင်ရှိသော သခင်ယေရှုက သူ့ကို သန့်ရှင်းသော ဝိညဉ်တော်ဖြင့် ပြည့်ဝစေခြင်းတို့ကြောင့် ဖြစ်၏။ ကျမ်းစာက "သို့သော်လည်း တန်ခိုးတော်၏ ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်။ ဘုရားသခင်နှင့်ဆိုင်သည့်အကြောင်း ထိုဘဏ္ဍာသည် မြေအိုးထဲ ထည့်ထားလျက် ငါတို့၌ရှိ၏" လို့ပြောပါတယ်။ ( ၂ ကော ၄း၇)

ဒီပုံပြင်လေးထဲမှာပါတဲ့ အံ့ဩဖွယ်ရာသတင်းစကားကတော့ သင်သည်လည်း- ဘုရားသခင်၏သန့်ရှင်းသောဝိညဉ်တော် နှင့်ပြည့်ဝခြင်းဖြင့် တန်ခိုးကို ရရှိနိုင်ပါသည်။ ဒီလိုကယ်တင်ခြင်းခံရပြီး ကောင်းကင်နိုင်ငံကိုဝင်ဖို့ သန့်ရှင်းသောဝိညဉ်တော်ကို ရရှိဖို့ရန်အဓိကမဟုတ်ဘဲ ကျွန်ုပ်တို့အားလုံးဟာ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ သန့်ရှင်းသော ဝိညဉ်တော်၏ တန်ခိုးကို ရရှိပြည့်ဝစေဖို့အမှန်ပင်လိုအပ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့၏အသက်တာထဲတွင် ဘုရားသခင်၏ အလိုတော်ကို ပြီးမြောက်အောင်မြင်အောင်လုပ်ဖို့ရန် ခွန်အားကိုရရှိပေမည်။

သန့်ရှင်းသော ဝိညဉ်တော်ရဲ့ မူလရည်ရွယ်ချက်မှာ သင့်အားသက်သေခံတစ်ဦးဖြစ်စေရန် တန်ခိုးပေးဖို့ဘဲ ဖြစ်ပါတယ်။ ဆိုလိုသည်မှာ ဘုရားသခင်၏ သတင်းစကားနှင့် ချစ်ခြင်းမေတ္တာအား အခြားသူများအား ဝေငှစေခြင်းပင်ဖြစ်သည်။ သန့်ရှင်းသောဝိညဉ်တော်၌ ဗတ္တိဇံခံယူခြင်းသည် ဘုရားသခင်နှင့် ကိုယ်တိုင် ဆက်ဆံရာတွင်များစွာ အကူအညီဖြစ်စေပါသည်။ ၄င်းသည် သင့်အား သူနှင့်ခိုင်မြဲသော ထိတွေ့မှုကိုပေးရုံသာမက၊ ဆုတောင်းခြင်းဖြင့် ပိုမိုကောင်းမွန်သော ဆက်သွယ်မှုကိုရရှိခြင်းအပြင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ကြားသည့်အခါတွင်လည်း၊ ပိုမို၍နားလည်စေနိုင်ခြင်းတို့ဖြစ်ပါသည်။ ကျမ်းစာက ကတိပေးထားပါတယ်၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာတဲ့အခါမှာ သန့်ရှင်းသောဝိညဉ်တော်က သမ္မာတရားကို အကြွင်းမဲ့သွန်သင် ပြသလိမ့်မယ်လို့ ပြောထားပါတယ်။ (ယောဟန် ၁၆း၁၃)

သင်၏နှလုံးသားထဲတွင် ဘုရားသခင်၏သန့်ရှင်းသော ဝိညဉ်တော်၏ ယိုဖိတ်ခြင်းတန်ခိုးကို လက်ခံရရှိပြီလား?။ သင်လုပ်ရမှကတော့ တောင်းခံပါ။ သင့်အနေနဲ့ထိုက်တန်လို့ တောင်းလို့ဆိုပြီး ပေတရုထက်ပိုပြီး မရပါဘူး။ ၄င်းဟာ လက်ဆောင်သက်သက်သာဖြစ်ပါတယ်။ "သင့်အနေနဲ့ ဆုတောင်းပြီး လက်ခံပါ။ တောင်းကြလော့၊ တောင်းလျှင်ရမည်" (မဿဲ ၇း၇)။ သူ့ရဲ့တန်ခိုးတော်ကို ယနေ့-လက်ခံပါ။

# ပညာရှိစကားများ

## လုပ်ဆောင်ပါ။

- "နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ် တရားကိုကျင့်သောသူ ဖြစ်ကြလော့" (ယာ ၁း၂၂)
- အကောင်းဆုံးသောအကြံအစည်သည် လက်တွေ့လုပ် ဆောင်မှုမရှိပါက စိတ်ကူးယဉ်အိမ်မက်သာဖြစ်၏။
- အများတစ်ခုသည် လူတစ်ယောက်အား အနည်းဆုံးတော့ အပြောကိုရပ်ပြီး တစ်ခုခုကိုလုပ်ဆောင်နေတာကို ဖော်ပြပါသည်။
- အဆိုးသည်အောင်ပွဲရရှိစေရန် ကောင်းသောသူများ ဘာမျှမလုပ်ရန် လိုသည်။
- သင်တတ်နိုင်သမျှကိုလုပ်ပါ။ ဘုရားသခင်ဟာ သင်မတတ်နိုင်သည်များကို လုပ်ပေမည်။
- သင်မလုပ်ဆောင်နိုင်သည့်အရာများအတွက် စိတ်ကူးမယဉ်ပါနှင့်။
- မနက်ဖြန်အတွက် ကြင်နာမှုသည် ယနေ့အတွက်မဟုတ်။
- လုပ်ဆောင်စရာ ရှိသည်ကို တွေ့လျှင်လုပ်ပါ။

- နားကြားခြင်းထက် - နားထောင်ပါ။
- နားထောင်ခြင်းထက် - နားလည်ပါ။
- တွေးတောခြင်းထက် - ဆင်ခြင်ပါ။
- ကြိုးစည်ခြင်းထက် - လုပ်ဆောင်ပါ။
- စကားပြောခြင်းထက် - တစ်စုံတစ်ခုကိုပြောပါ။
- တည်ရှိခြင်းထက် - ရှင်သန်ပါ။
- ကြည့်ခြင်းထက် - လေ့လာမှုကိုပြုပါ။
- ဖတ်ခြင်းထက် - ခံယူမှုကိုပြုပါ။




# အမှုကိစ္စများပြီးမြောက်စေခြင်း

## သင်၏အချိန်ကို ခန့်ခွဲခြင်း

အကျိုးသက်ရောက်မှု - အကျိုးသက်ရောက်မှု၏ အဓိပ္ပါယ်မှာ ဖြစ်နိုင်ချေ ရှိသည့် လုပ်ငန်းများထဲမှ အကောင်းဆုံးနှင့်အရေးအကြီးဆုံးကို ရွေးချယ်ပြီး အကောင်းဆုံး လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ သင်၏အချိန်အား မည်ကဲ့သို့ အသုံးပြုရမည်ကို မှန်ကန်စွာ ရွေးချယ်ခြင်းသည် သင်၏ပတ်ဝန်းကျင်တွင်ရှိသော အလုပ်များ၏ လိုအပ်ချက်များကို လုပ်ခြင်းထက်ပို၍ အရေးကြီးပါသည်။

ကိုယ့်ကိုယ်ကို ထိန်းသိမ်းမှု - လိမ္မာပါးနပ်စွာအလုပ်လုပ်ဆောင်ရာတွင် အတွေးအခေါ်၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းမှုနှင့် အပြောင်းအလဲများကို ဖန်တီးရန် လိုအပ်ပါသည်။ သင်၏ခံစားမှုအမြင်နှင့် လုပ်ငန်း၏သဘောသဘာဝကို သေချာစွာ ပြန်လည်ဆန်းစစ်ရန်ဆန္ဒရှိရပါမည်။ သင်၏အတွေးအခေါ်နှင့် အပြုအမူများအား ပြောင်းလဲရန်ဆန္ဒရှိခြင်းသည် အကျိုးအရှိဆုံးသောအရာဖြစ်၏။

ရည်ရွယ်ချက်များအားစီမံခြင်း - အဓိပ္ပါယ်မှာ လုပ်နည်းလုပ်ဟန်နှင့် စည်းကမ်းသဘောထက် တိကျသော ရည်ရွယ်ချက်ကိုထားပြီး စဉ်းစားပါ။ ၄င်းသည် "ငါတို့အလုပ် ပြီးမြောက်စေဖို့ ကြိုးစားတဲ့အတိုင်း အတိအကျဖြစ်ရဲ့လား?။ "ငါတို့ ဘာကြောင့်လုပ်ရသလဲ?။ "ဒါ့ထက်ကောင်းတဲ့နည်းလမ်းကောရှိသေးလား?။ -စသည့်မေးခွန်းများကို မေးဖို့ခွင့်အားပေးပါသည်။ အောင်မြင်မှုကို ရရှိစေရန်အနည်းငယ်သောအရာသည် ရည်မှန်းချက်များချမှတ်ရန်နှင့် ၄င်းရည်မှန်းချက်များရရှိစေရန် မည်ကဲ့သို့ အကောင်အထည်ဖော်ရမလဲဆိုသည်ကို သင်ယူရန်ထက် အရေးကြီးပါသည်။ ပထမဆုံးသင်လုပ်သင့်တာကတော့ ရပ်လိုက်ပါ။ စဉ်းစားပါ။ ပြီးတော့သင့်ရဲ့ရည်ရွယ်ချက်ကို ထုတ်ဖော်ပါ။ သင့်ရည်ရွယ်ချက်များအားရေးချပါ။ ရေရှည်၊အလယ်အလတ်၊ ရေတို စသည်ဖြင့် သင့်အနေနှင့် တိကျမှုရှိရန်လိုအပ်ပြီး- ၄င်းတို့သည် သင်၏ရည်မှန်းချက်များရရှိရန် ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာကို အထောက်အကူပြုပါလိမ့်မည်။

သင်၏ရည်မှန်းချက်သည် လက်တွေ့ကျကျနှင့် ဖြစ်နိုင်ချေ ရှိရန် လိုအပ်ပါသည်။ ၄င်းတို့အားလုံးသည် လက်တွေ့ အမှန်ဖြစ်ရမည်။ အချို့ရည်မှန်းချက်ပန်းတိုင်ကိုချရာတွင် လက်တွေ့အမှန်ဖြစ်သော်လည်း အသက်တာနှင့် ပတ်ဝန်းကျင်တွင် ပြောင်းလဲမှုရှိသည်ကို သတိရပါ။ လိုအပ်သည့် အခါများတွင် သင်၏ရည်မှန်းချက်နှင့်အကြံအစည်ကို ပြောင်းလဲပါက "သင်မရှုံးနိမ့်"ပါဘူး။ အဲဒါကြောင့် သင့်ရဲ့ရည်ရွယ်ချက်ကို ပြောင်းလဲဖို့ သို့မဟုတ် အသစ်သောအခြေအနေ သို့မဟုတ် လိုအပ်ချက်များနှင့် ဆီလျော်အောင် ပြုပြင်ရန် မနှောင့်နှေးပါနှင့်။

သင်၏ ဦးစားပေးအရာများအား ဆုံးဖြတ်ရာတွင် အထောက်အကူပြုမည့် အကြံပြုချက်တစ်ရပ်မှာ သင်၏ Notes ထဲတွင် အကျဉ်းချုပ်ရေးချလိုက်ပါ။ သင်၏ဦးစားပေး ငါးခုနှင့် ၄င်းတို့ကိုရအောင် သင်မည်ကဲ့သို့ လုပ်မလဲဆိုတာကို ရေးချပါ။ ဒီကဒ်ကို သင့်ရဲ့မှန် (သို့မဟုတ် သင်အလုပ်လုပ်သည့် နေရာအနီး) - သင်နေ့စဉ်တွေ့နိုင်သည့် နေရာတွင်ထားပါ။ ဒုတိယတစ်ရွက်ထပ်ရေးပြီး ၄င်းကို သင်၏ အင်္ကျီအိတ် သို့မဟုတ် ပိုက်ဆံအိတ်ထဲတွင်ထည့်ထားပါ။ ဒီနည်းဖြင့်သင်ဟာ အမှတ်တမဲ့သော်လည်းကောင်း အမှတ်တရအားဖြင့်သော်လည်းကောင်း ဤပန်းတိုင်ငါးခုကို စဉ်းစားမိပြီး ဤအရာများကို ရယူရန်အချိန်ကို အကောင်းဆုံးအသုံးပြုလာပေမည်။

သို့ရာတွင် ဤကဲ့သို့ ကျွန်ုပ်တို့၏နေ့စဉ် ပန်းတိုးတိုင်များအား ကြံစည်ကြိုးစားရာတွင် ကျွန်ုပ်တို့အမြဲ မှတ်ထားရမည့်အချက်ကတော့ ကျွန်ုပ်တို့၏ မူလပန်းတိုးတိုင်နှင့် ဦးစားပေးမှုမှာ ဘုရားသခင်ကို ချစ်ဖို့နဲ့ သူ့ရဲ့ချစ်ခြင်းမေတ္တာအား အကူအညီလိုသူများအား ချစ်ခြင်း၊ ဂရုစိုက်ခြင်း၊ နှုတ်အား၊ လက်အားဖြင့်ကြင်နာခြင်းတို့ပင်ဖြစ်ပါသည်။